## ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး

## ညောင်လေးပင် ခရိုင်

# (၂၃) ကြိမ်မြောက် ကွန်ကရက် အစည်းအဝေးကြီး၏ ထုတ်ပြန်ကြေညာချက်

နေ့စွဲ။ ။ဇန္နဝါရီလ (၁၆) ရက်၊ ၂၀၂၁

ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၊ ညောင်လေးပင် ခရိုင်၏ (၂၃) ကြိမ်မြောက် ကွန်ကရက် အစည်းအဝေးကြီးကို ခရိုင်ဌာနချုပ်တွင် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်မှ ၂၀၂၁ ခုနှစ်၊ ဇန္နဝါရီလ (၁၆) ရက်အထိ ကျင်းပခဲ့ပါသည်။ ဤအစည်းအဝေးကြီးတွင် ခရိုင်မှ ခေါင်းဆောင်ကိုယ်စားလှယ် (၈၉) ဦး၊ ဗဟိုမှ ခေါင်းဆောင်များနှင့် ရုံးအကူ(၁၁) ဦး၊ လေ့လာသူအဖြစ်(၂၀) ဦး၊ မှတ်တမ်းအဖွဲ့ဝင် (၂၁) ဦး နှင့် လူမှုအဖွဲ့အစည်းများမှ လေ့လာသူအဖြစ် အထူးဖိတ်ကြားထားသည့်(၁၁) ဦး ပါဝင် တက်ရောက်ခဲ့ကြပါသည်။

ဤအစည်းအဝေးကြီးတွင် ကိုယ်စားလှယ် ခေါင်းဆောင်များသည်(၄) နှစ်တာအတွင်း အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ကြသည့် စီးပွါးရေးဆိုင်ရာ ကိစ္စရပ်များ၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး၊ စစ်ရေး၊ လူမှုရေးအပြင် တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သော တရားစီရင်ရေးကိစ္စရပ်များကို ပြန်လည်သုံးသပ်ကာ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ လုပ်ငန်းလမ်းစဉ်အတိုင်း ပြည်သူလူထုနှင့် လက်တွဲပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်သွားနိုင်မည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြပါသည်။

ထို့အပြင်၊ ကိုယ်စားလှယ် ခေါင်းဆောင်များမှ နိုင်ငံရေး ကိစ္စရပ်များနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းဆိုင်ရာ အခြေအနေများကို သုံးသပ်ခဲ့ကြပြီး အနာဂါတ်တွင် ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာကိစ္စရပ်များ နှင့် အပစ်အခတ် ရပ်စဲရေး ခိုင်မာရေးဆိုင်ရာ ကိစ္စရပ်များကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် စာချုပ်အတိုင်း(NCA) အကောင်အထည်ဖော်ဆောင်နိုင်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

ပြည်သူလူထု၏ နေ့စဉ်လူမှုဘဝလုံခြုံရေးနှင့် စပ်လျဉ်း၍ **စိုးရိမ်ကြောက်ရွံ့ခြင်းကင်းသည့် ပြည်သူပြည်သားများ၏ ဘဝ ရပ်တည်ရေး အာမခံရန်၊** ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးခိုင်မာအောင် လုပ်ဆောင်ခြင်း ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် **စာချုပ်ပါ သဘောတူညီချက်များအတိုင်း** မည်ကဲ့သို့ အကောင်အထည်ဖော်လုပ်ဆောင်နိုင်မည်ကို အကြေအလည် တိုင်ပင်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးဖက်များအကြား တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု အပြည့်ဖြင့် ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်များချမှတ်ခဲ့ကြပါသည်။

ဤအစည်းအဝေးကြီးတွင် လာမည့်အနာဂါတ် (၄) နှစ်တာအတွက် အမြဲတမ်းကော်မတီဝင်များ၊ အလုပ်အမှုဆောင် ကော်မတီများ နှင့် ဌာနဆိုင်ရာ ကော်မတီဝင်များကို ရွေးချယ်ခဲ့ကြပါသည်။ ထို့အပြင်၊ အစည်းအဝေးကြီးတွင် ရှေ့လုပ်ငန်းစဉ်များနှင့်အတူ ဆုံးဖြတ်ချက် (၃၄) ချက်ကိုလည်း ချမှတ်ခဲ့ကြပါသည်။

အမြဲတမ်းကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၊
ညောင်လေးပင် ခရိုင်

**ဆက်သွယ်ရန်၊**

ပဒို စောကနဲဖော် - ၀၉၄ ၂၈၁ ၂၃၈၄၂
ပဒို စောနဲထူးဖျိုး - ၀၉၇၉၈၅၈၁၂၇၃